CHUBB

Chubb Life Insurance Myanmar Limited
18F Myanmar Centre Tower 2,
192 Kabar Aye Pagoda Rd, Bahan Tsp,
Yangon, Myanmar.

Office : +959 7500 66 908
Fax : +951 934 588
Hot Line : +959 7500 66 900
http://life.chubb.com/mm

# ကျန်းမာရေးအာမခံ
# စည်းကမ်းချက်များ

၁။ အာမခံထားရှိသူကိုယ်တိုင်က ကျန်းမာရေးအာမခံအဆိုလွှာပါ ဖော်ပြချက်များတွင် ပေါ့ဆစွာဖော်ပြခြင်း၊ မှားယွင်းစွာဖော်ပြခြင်း၊ တမင်ရည်ရွယ်ချက်ဖြင့် လွဲမှားစွာဖော်ပြခြင်း၊ ထိန်ချန်ခြင်း၊ လိမ်လည်ခြင်းစသည့် မမှန်မကန်ဖော်ပြခြင်းများရှိပါက အာမခံစာချုပ်ပါ အကျိုးခံစားခွင့်များ ဆုံးရှုံးမည်။

၂။ အာမခံပရီမီယံ ပေးသွင်းသည့်အချိန်မှစ၍ အာမခံသက်တမ်း စတင်သည်။ အာမခံသက်တမ်း (၁)နှစ်ပြည့်မြောက်သည့်နေ့၏ ည(၁၂)နာရီတွင် သက်တမ်းကုန်ဆုံးမည်။

၃။ အာမခံထားသူက အာမခံစာချုပ် ရပ်စဲခြင်းကြောင့် ပရီမီယံအမ်းငွေ ခံစားခွင့်မရှိပါ။ အာမခံလက်ခံသူက အာမခံစာချုပ်ရပ်စဲလိုလျှင် ကျန်ရှိကာလအတွက် ရက်တွက်နှုန်းဖြင့် ပရီမီယံ ပြန်အမ်းမည်။

၄။ ပထမအကြိမ်ပရီမီယံပေးသွင်းပြီးနောက် ကျန်ကာလများအတွက်ပရီမီယံပေးသွင်းမှုစနစ်အရပရီမီယံပေးသွင်းရမည့် သတ်မှတ်နောက်ဆုံးနေ့၏ နောက်တစ်နေ့မှ (၁၅)ရက်အတွင်း ပေးသွင်းရန်၊ အကျိုးခံစားခွင့်ပေးချေရမည့်ကိစ္စ ဖြစ်ပွားပါက အကျိုးခံစားခွင့်ပေးမည့်ငွေထဲမှ စောင့်ဆိုင်းကာလအတွင်း မပေးချေရသေးသည့် ပရီမီယံကို ခုနှိမ်၍ ပေးလျော်မည်။ ပရီမီယံကြေးပေးသွင်းခြင်း မရှိပဲ ပရီမီယံကြေးပေးသွင်းရန် စောင့်ဆိုင်းပေးသည့်ကာလကို ကျော်လွန်သွားပါက အာမခံစာချုပ်သည် စောင့်ဆိုင်းကာလ ပြည့်သည့်နေ့၏ နောက်တစ်နေ့မှစပြီး အကျိုးသက်ရောက်မှု ပျက်ပြယ်သွားမည်ဖြစ်ပါသည်။ သက်တမ်းဆက်အာမခံစာချုပ်များအတွက် အာမခံသက်တမ်းပြန်စသည့် ကြားကာလတွင် ပရီမီယံပေးသွင်းရန် စောင့်ဆိုင်းကာလ မရှိပါ။

၅။ အာမခံထားသူအနေဖြင့် ဆေးရုံတက်ရောက်ကုသမှုခံယူရပါက အာမခံလက်ခံသူသို့ ကြိုတင်အကြောင်းကြားရန်ဖြစ်ပြီး၊ ဆေးရုံမှဆင်းသည့် နေ့မှစ၍ အလုပ်လုပ်ရက် (၁၀) ရက်အတွင်း ဆေးကုသမှုမှတ်တမ်းနှင့်တကွ အကျိုးခံစားခွင့်တောင်းခံရမည်။

၆။ အကျိုးခံစားခွင့် တင်ပြတောင်းခံခြင်းအတွက် အာမခံလက်ခံသူမှ ထပ်မံတောင်းခံသော လိုအပ်ချက်များကို အာမခံထားသူမှ (၃)လအတွင်း ပေးပို့နိုင်ခြင်းမရှိပါက အကျိုးခံစားခွင့် ဆုံးရှုံးမည်။

၇။ အာမခံထားရှိပြီး (၁)လအတွင်း ဆေးရုံတက်စရိတ် တောင်းခံသော ဖြစ်ရပ်များအတွက် တင်ပြသောရောဂါများကို အာမခံလက်ခံသည့်ကုမ္ပဏီ၏ ကျွမ်းကျင်သူများမှ ထပ်မံ စိစစ်မည်ဖြစ်သည်။

၈။ ကျန်းမာရေးအာမခံသည် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူရခြင်းအတွက် အာမခံ အကာအကွယ် ပေးခြင်းသာဖြစ်၍ အာမခံထားသူဆန္ဒအရ ဆေးစစ်ရန် ဆေးရုံတက်ခြင်းအတွက် အကျုံးမဝင်ပါ။

၉။ ဆေးရုံ/ဆေးခန်းပြသခြင်း အကျိုးခံစားခွင့်အနေဖြင့် အာမခံကုမ္ပဏီက သတ်မှတ်ထားသည့် ဆရာဝန်၏ ဆေးစစ်ချက်ထောက်ခံစာ (သို့မဟုတ်) ဆေးကုသမှုမှတ်တမ်းစာအုပ်ဖြင့် ဆေးရုံ/ဆေးခန်း ပြသထားခြင်း ရှိ/မရှိကို အတည်ပြုနိုင်ရန် လိုအပ်ပါသည်။

**အကျိုးခံစားခွင့်အကျုံးမဝင်သောအချက်များ**

အောက်ဖော်ပြပါ ကိစ္စရပ်တစ်ခုခုနှင့်ပတ်သက်၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြစ်ပေါ်ခံစားရသော ဒဏ်ရာရခြင်း၊ ရောဂါရရှိခြင်း၊ ဆေးရုံတက်ရောက်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း၊ သေဆုံးခြင်း၊ ဆေးရုံ/ဆေးခန်း ပြသခြင်းတို့အတွက် အကျိုးခံစားခွင့် အကျုံးဝင်မည်မဟုတ်ပါ။(Exclusion)

(၁) ဆေးကုသမှုခံယူနေခြင်း၊ ဆေးကုသရန်ဆရာဝန်၏ ထောက်ခံချက်ကို ရရှိထားခြင်း၊ ရောဂါလက္ခဏာ ရှိပြီးသား ဖြစ်နေခြင်း၊

(၂) သားဖွားခြင်း၊ ဗိုက်ခွဲမွေးခြင်း၊ မီးဖွားခြင်းနှင့်ဆိုင်သော ခွဲစိတ်ကုသမှု၊ သို့သော် အာမခံထားပြီးနောက်ကိုယ်ဝန်နှင့် အာမခံထားချိန်တွင် ပုံမှန်ဖြစ်နေသော ကိုယ်ဝန်ကြောင့်ဖြစ်လာသည့် တွဲဖက်ရောဂါများ (ကိုယ်ဝန်ဆိပ်သင့်ခြင်း၊ ကိုယ်ဝန်ဆောင်သွေးတိုးရောဂါ၊ ကိုယ်ဝန်ဆောင် ဆီးချိုရောဂါစသည်တို့) ကြောင့် ဆေးရုံတက်ခြင်းနှင့် ခွဲစိတ်ကုသခြင်းသည် အကျိုးခံစားခွင့်ပေးချေရန် အကျုံးဝင်သည်။ ထို့အပြင် ကိုယ်ဝန်ပျက်ကျခြင်းသည် ရွေးချယ်နိုင်သည့် အာမခံ အကာအကွယ် (၁)ကို ဝယ်ယူထားပါက အကျိုးခံစားခွင့်ပေးချေရန် အကျုံးဝင်သည်။

(၃) စိတ်ပေါ့သွပ်ခြင်း (Psychosis)၊ စိတ်ရောဂါဝေဒနာများကြောင့်ဖြစ်ခြင်း (Mental Disorders)။

(၄) ကျန်းမာရေးဆေးစစ်ရန်နှင့် အနားယူအားမွေးရန် ဆေးရုံတက်ခြင်း

(၅) သားသမီးရလိုမှုဖြင့် ဆေးရုံတက်ခြင်းနှင့် ခွဲစိတ်ကုသခြင်း

(၆) မတော်တဆ ထိခိုက်ဒဏ်ရာရခြင်းမှအပဖြစ်သော သွားနှင့်ပတ်သက်သည့် ကုသမှုအတွက်ဖြစ်ခြင်း

(၇) မတော်တဆ ထိခိုက်ဒဏ်ရာရခြင်းမှအပ ဖြစ်သော မျက်မှန်အပါအဝင် မျက်စိစမ်းသပ်ခြင်း၊ အမြင်သွေဖယ်ခြင်း၊ မျက်စိကုသခြင်း၊ အမြင်အာရုံ ကောင်းမွန်လာအောင် ပြုပြင်ရန် ဖြစ်ခြင်း

(၈) အလှအပအတွက်ဖြစ်ခြင်း

(၉) နားကြားကိရိယာ တပ်ဆင်ရန်အတွက်ဖြစ်ခြင်း

(၁၀) ကိုယ်ခန္ဓာချို့ယွင်းခြင်း (Physical Defect) သို့မဟုတ် မသန်စွမ်းခြင်း (Infirmity)

(၁၁) မူးယစ်ဆေးဝါးသုံးစွဲခြင်း

(၁၂) ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်း

(၁၃) AIDS/HIV ဖြစ်ခြင်း

(၁၄) အကြမ်းဖက်ဖျက်စီးခြင်း၊ အဓိကရုဏ်း၊ စစ်နှင့်စစ်အသွင်ဖြစ်ပွားခြင်း (စစ်ပြုခြင်းများ၊ စစ်ပွဲကဲ့သို့ တိုက်ခိုက်ခြင်း၊ စစ်တပ် (သို့မဟုတ်) အာဏာသိမ်းခြင်းနှင့် ဖော်ပြပါ အဖြစ်အပျက်တစ်ခုခု၏တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သော အကျိုးသက်ရောက်မှု တစ်ရပ်ရပ်ကြောင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ နီးကပ်စွာသော်လည်းကောင်း၊ ဝေးလံစွာသော်လည်းကောင်း ဖြစ်ပေါ်စေသော အားပေးသော၊ အခြေခံသော၊ ပေါ်ပေါက်သော မည်သည့် မတော်တဆဖြစ်ပွားခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း)

(၁၅) ရောဂါကြောင့် ဆေးရုံတက်ရက်ပေါင်းသည် (၃)ရက်နှင့် အောက်ဖြစ်သော ဆေးကုသမှုများ

(၁၆) လိမ်လည်တောင်းခံသည့်ဖြစ်ရပ်များ

(၁၇) မိမိကိုယ်ကို သတ်သေခြင်း (သို့မဟုတ်) မိမိကိုယ်ကို ဒဏ်ရာအနာတရဖြစ်အောင် ပြုလုပ်ခြင်း

**အကျိုးခံစားခွင့်များ**

ကျန်းမာရေးအာမခံ အကာအကွယ်အမျိုးအစားအလိုက် ရရှိနိုင်သည့် အကျိုးခံစားခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

| စဉ် | အာမခံအကာ အကွယ်နှင့်ယူနစ် | အကျိုးခံစားခွင့် ရရှိနိုင်မှု | လျော်ကြေးပေးချေရမည့် အကြောင်းအရင်း | အကျိုးခံစားခွင့်ငွေ (ကျပ်) |
|---|---|---|---|---|
| ၁ | အခြေခံအာမခံ အကာအကွယ် ၁ ယူနစ် | -ရောဂါကြောင့်ဆေးရုံတက်ခြင်း<br>-မတော်တဆမှုကြောင့် ဆေးရုံတက်ခြင်း<br>- သေဆုံးခြင်း | - ဆေးကုသရန် ရည်ရွယ်ချက်ဖြင့် ဆေးရုံ တက်သည့်အခါ<br>- သေဆုံးသည့်အခါ | - ဆေးရုံတက်ရက် (၁)ရက် ကျပ် ၁၀,၀၀၀/- အများဆုံး ရက်ပေါင်း (၆၀) အထိသာ<br>-၁၀ သိန်းကျပ် |
| ၂ | ရွေးချယ်နိုင်သည့် အာမခံ အကာအကွယ်(၁) (  ) ယူနစ် | - ခွဲစိတ်ကုသခြင်း<br>- ကိုယ်ဝန်ပျက်ကျခြင်း | - တစ်ကိုယ်လုံးမေ့ဆေး(သို့မဟုတ်) ကိုယ်တစ်ပိုင်း ထုံဆေးဖြင့် ခွဲစိတ်ကုသမှုကို ခံယူသည့်အခါ<br>-သဘာဝအလျောက် ကိုယ်ဝန်ပျက်ကျခြင်း (သို့မဟုတ်)ရောဂါကြောင့်ကိုယ်ဝန်ပျက်ကျခြင်း ဖြစ်ပြီး၊ ကိုယ်ဝန်ပျက်ကျမှုအတွက် ကုသခြင်း အဖြစ်ဆေးရုံတက်ပြီးခွဲစိတ်မှု၊ ကုသမှုကိုပြုလုပ်သည့်အခါ | -ခွဲစိတ်ကုသမှုအတွက် အမှန်တကယ်တိုက်ရိုက် ကုန်ကျစရိတ်။သို့သော် အနည်းဆုံး (၅)သိန်းကျပ်<br>-ဝယ်ယူထားသည့်ယူနစ်နှင့် မဆိုင်ဘဲ (၃)သိန်းကျပ်<br>-ခွဲစိတ်ကုသခြင်းနှင့်ကိုယ်ဝန် ပျက်ကျခြင်း နှစ်ခုပေါင်းအတွက် (၅)သိန်းကျပ် x အာမခံထားသည့်ယူနစ်ပေါင်း ကို စုစုပေါင်းအများဆုံး ပေးချေနိုင်သည့် ပမာဏအဖြစ် သတ်မှတ်မည်။ |
| ၃ | ရွေးချယ်နိုင်သည့် အာမခံ အကာအကွယ်(၂) (  ) ယူနစ် | - ဆေးရုံ/ဆေးခန်းပြသခြင်း | - ဆေးကုသရန် ရည်ရွယ်ချက်ဖြင့် ဆေးရုံ/ဆေးခန်းပြသသည့်အခါ | -ဆေးရုံ/ဆေးခန်း (၁) ကြိမ် ပြလျှင် (၁)ယူနစ် ၂,၅၀၀ကျပ်။ သို့သော် ၁၀,၀၀၀ကျပ်xအာမခံထားသည့်ယူနစ် ပေါင်းကို စုစုပေါင်းအများဆုံး ပေးချေနိုင်သည့်ပမာဏအဖြစ်သတ်မှတ်သည်။ |